တစော – ကိုယ်လုံးရစ်ပတ် အောက်ထပ်အထူ အပေါ်မှုအပါး နှစ်မျိုးခြားလျက် အသားပေါ်နေ အရေအစုသည်။ အတ္ထိ၊ ပုဂ္ဂိုလ်သတ္တ၀ါ ငါ သူတပါး လားလားမဟုတ် စက်ဆုပ်ဘွယ်သာ ထင်ရှားရှိပါသည် တကား။

မံသံ – အဆင်းနီရင့် ကသစ်ပွင့်ပမာ ကိုးရာသော အသား တစ် အစုသည်။ အတ္ထိ၊ ပုဂ္ဂိုလ်သတ္တ၀ါ ငါ သူတပါး လားလားမဟုတ် စက်ဆုပ်ဘွယ်သာ ထင်ရှားရှိပါ သည် တကား။

နှာရု — လည်မှဆင်းသက် ၀ဲ ယာ ယှက်၍ ကိုယ်လက်နှံ့ဖြာ ကိုးရာသော အကြောအစုသည်။ အတ္ထိ၊ ပုဂ္ဂိုလ်သတ္တ၀ါ ငါ သူတပါး လားလားမဟုတ် စက်ဆုပ်ဘွယ်သာ ထင် ရှားရှိပါသည် တကား။

---

**အရေ။** ။အပေါ်ရေ အတွင်းရေဟု ၂-မျိုးရှိ၏၊ အပေါ် ရေသည် ပါး၏၊ အတွင်းရေသည် ထူ၏၊ ထို့ကြောင့် အရေထူ အရေပါးဟုလည်း ခွဲခြားကြသည်၊ ထို အရေထူ အရေပါး ၂-မျိုးလုံးကိုပင် တစော အရ၌ ယူရသည်။

**အသား။** ။အရိုးတို့ကို လိမ်းကျံကပ်ငြိ၍ အရေ၏အတွင်း၌ တည်သော အသားများတည်း၊ အဆင်းအား ဖြင့် ကသစ်ပွင့်ကဲ့သို့ အနီရင့်အဆင်း ရှိ၏၊ အသားတစ်ပေါင်း ၉-ရာ ရှိသတတ်၊ လူရုပ်လုပ်သည့်အခါ အတွင်းက ၀ါးခြမ်း တွေခံ၍ အပေါ်ယံမှာ နွားချေးများ မွမ်းမံထားသကဲ့သို့ အတွင်းခံ အရိုးတွေ အပေါ်၌ အသားတွေ လိမ်းကျံကပ်ငြိ နေသည်။